| | |
|---|---|
| **စီးဆင်းမှုအလျဉ်**<br>Rev. Paul J. Bucknell | အသင်းတော်အတွင်း<br>ဝိညာဉ်ရေးရာကြီးထွားမှုကို အစပျိုးခြင်း |

# အသင်းတော်အတွင်း ဝိညာဉ်ရေးရာကြီးထွားမှုကို အစပျိုးခြင်း

Rev. Paul J. Bucknell

တပည့်တော်ဖြစ်ခြင်းကို သိရှိနားလည်မှုနှင့် ၎င်းကိုဒေသန္တရအသင်းတော်၌
မည်သို့အကောင်အထည်ဖေါ်မည်နည်း

**Flow** နီးနှောဖလှယ်ပွဲအညွှန်း –၁–၂–၃–၄–၅–၆–၇–၈–၉–၁၀–၁၁–၁၂

တပည့်တော်ဖြစ်ခြင်းဆိုင်ရာသင်းအုပ်များနီးနှောဖလှယ်ပွဲ၏ရည်ရွယ်ချက်

တပည့်တော်ဖြစ်ခြင်းအပေါ် သမ္မာကျမ်းစာဆိုင်ရာ သင်ကြားပေးခြင်းနှင့် အသင်းတော်ခေါင်းဆောင်များကို ကူညီရန် ခရစ်ယာန်သင်တန်းများ ပြုလုပ်ခြင်းသည် အသင်းတော်ကြီးထွားတိုးတက်ခြင်းကို ဖြစ်ပေါ်စေသည်။ ပထမအကြောင်းအရာသည် (၁ ယော၊ ၂း၁၂–၁၄) အပေါ်ဗဟိုပြုပြီး၊ တပည့်တော်ဖြစ်ခြင်းအဆင့်သုံးဆင့်၏ အဆင့်တစ်ခုစီကို မည်သို့အသုံးချကြောင်း စံနမူနာယူသည်။ ထိုသို့ဖြင့် ခေါင်းဆောင်မှုသင်တန်းကို ဆက်စပ်ပေးသည်။

အခန်း – ၁

ဟေရှာယ၊ ၅၀း၄(အပိုင်း ၁/၂) တပည့်တော်ဖြစ်ခြင်းအချက်အချာ ယေရှုနောက်လိုက်ခြင်းပါရမီ
တပည့်တော်ဖြစ်ခြင်းအချက်အချာ။ ။ ယေရှုနောက်သို့လိုက်ခြင်း ပါရမီသည် ဟေရှာယ၊၅၀း၄–၉ ပါ သမ္မာကျမ်းစာ ရှင်းလင်းချက်ကိုလက်တွေ့ အသုံးချခြင်းတစ်ခုဖြစ်သည်။ တပည့်တော်ဖြစ်ခြင်းဆိုင်ရာ ယေရှု၏ နမူနာပုံစံအပေါ် အထူးအလေးပေးဖေါ်ပြခြင်းနှင့်အတူ ယေရှုနှင့် မည်သို့တူညီမည်နည်းဟူသော အချက်ကို ပြသပါသည်။

အခန်း – ၂

၁ယော၊ ၂း၁၂–၁၄ကို ခြုံငုံသုံးသပ်ချက်

စီးဆင်းမှု– ၁ယော၊ ၂း၁၂–၁၄ပါ သမ္မာကျမ်းစာရှင်းလင်းချက်အပေါ် ခြုံငုံသုံးသပ်ချက်သည် ယုံကြည်သူများအား သူ၏ဝိညာဉ်ရေးရာ အသက်တာကို နားလည်စေရန် သာမက အခြားသောသူများအား ကြီးထွားရန် မည်သို့ကူညီရမည်ကို သိရှိစေပါသည်။ မဖြေကြားသော မေးခွန်းများစွာကိုလည်း ဤသင်တန်းအခန်းက ဖြေရှင်းပေးသည်။

အခန်း – ၃

အဆင့် – ၁ ။ ယုံကြည်သူအသစ် (၁ယော၊ ၂း၁၂–၁၄)

အဆင့်(၁)၊ ဤအခန်းက ၁ ယော၊ ၂း၁၂–၁၄ထဲမှ ယုံကြည်သူအသစ်များ၏ အခြေခံလိုအပ်ချက်များနှင့်

သူတို့အားမည်သို့ ပြုစုစောင့်ရှောက်ရမည်ကို ပြသသည်။

အခန်း – ၄

အဆင့် – ၁။ ရှင်းလင်းဖေါ်ပြခြင်းနှင့်သာဓကပြ ဖေါ်ပြခြင်း

အဆင့် – (၁) ရှင်းလင်းဖေါ်ပြခြင်းနှင့် သာဓကပြဖေါ်ပြခြင်းသည် တပည့်တော်ဖြစ်ခြင်းစာစောင် 3&Eကို အသုံးပြုချက် ယုံကြည်သူအသစ်များနှင့် အတူတပည့်တော်ဖြစ်ခြင်းကို မည်သို့ အကောင်အထည်ဖေါ်ဆောင်ရွက်မည်ကို ပြသသည်။

အခန်း – ၅

ဟောရှာယ၊ ၅၀း၅–၉ (အပိုင်း ၂/၂)

တပည့်တော်ဖြစ်ခြင်း၏ အချက်အချာ။ ။ ယေရှုနောက်လိုက်ခြင်းပါရမီသည် ဟောရှာယ၊ ၅၀း၅–၉ပါ ကျမ်းစာရှင်းလင်းချက်ကို လက်တွေ့အသုံးပြုခြင်းဖြစ်ပြီး၊ ကြံ့ကြံ့ခံနိုင်ရန် ဖြေရှင်းချက်အပေါ် အလေးထားဖေါ်ပြခြင်းနှင့်အတူ ယေရှုနှင့် မည်သို့ တူညီမည်အကြောင်း ပြသသည်။ (အပိုင်း ၂/၂)

အခန်း – ၆

အဆင့် – ၂။ အောင်မြင်ကျော်လွှားသူ (၁ယော၊ ၂း၁၂–၁၄)

အဆင့် – ၂။ အောင်မြင်ကျော်လွှားသူ (အနိုင်ရသူ) သည် တပည့်တော်ဖြစ်ခြင်း ဒုတိယအဆင့်ရှိ ယုံကြည်သူလူမျိုးများ အနေဖြင့် သွေးဆောင်ဖြားယောင်းမှု အမျိုးမျိုးကို အနိုင်ယူရန် မည်သို့ သင်ယူရမည်ကို ပြသသည်။ သင့်အသင်းတော် အတွင်းရှိ ယုံကြည်သူများ၏ ယုံကြည်ခြင်းကို တိုးပွါးလာရန်ပြုစုရပါသည်။ ၎င်းသည် ရင့်ကျက်သော အသက်တာသို့ ရောက်ရန် တက်လှမ်းရမည့်အဆင့်ဖြစ်သည်။

အခန်း – ၇

အဆင့် – ၂။ စိုးရိမ်ပူပန်မှုနှင့် သွေးဆောင်ဖြားယောင်းမှုကို အနိုင်ယူခြင်း

အဆင့် – ၂။ စိုးရိမ်မှုပန်မှုနှင့် သွေးဆောင်ဖြားယောင်းမှုကို အနိုင်ယူခြင်းက လူတစ်ဦးသည် စိုးရိမ်ကြောင့်ကြမှုကို အနိုင်ယူနိုင်ကြောင်း လေ့လာသည့် တပည့်တော်ဖြစ်ခြင်း၏ ဒုတိယအဆင့်ကို မည်သို့ လက်တွေ့ အသုံးချရမည်အကြောင်း သာဓကဖြင့် ဖေါ်ပြသည်။ ယုံကြည်သူ လူငယ်လူရွယ်များသည် စိုးရိမ်ပူပန်မှုနှင့် သွေးဆောင်ဖြားယောင်းမှုကို အနိုင်ယူနိုင်ရန် သန့်မာတောင့်တင်းပြီး ခိုင်မာစွာရပ်တည်နိုင်သည်။

အခန်း – ၈

အသင်းတော်ပုံစံ (ဖေက်၊ ၄း၁၁–၁၃)

အသင်းတော်ပုံစံသည် ဖေက်၊ ၄း၁၁–၁၃ပါ ကျမ်းစာရှင်းလင်းချက်ဖြစ်ပြီး၊ အသင်းတော်၌ လက်တွေ့အသုံးချနိုင်ရန် ကူညီသည်။

အခန်း – ၉

အဆင့် – ၃။ ဖခင်များ – ယုံကြည်ခြင်း၌အခြေခိုင်သည် (၁ ယော၊ ၂း၁၃–၁၄)

အဆင့် – ၃။ ခိုင်မာသော ယုံကြည်ခြင်းအဖြစ် ၁ယော၊ ၂း၁၃–၁၄ကို အသုံးပြုသည် – ယုံကြည်သူများ၏ ဘုရားသခင်နှင့် ရင်းနှီးကျွမ်းဝင်မှုပို၍ နက်ရှိုင်းစေရန် ဘုရားသခင်သည် မည်သို့ဖြစ်မြောက်စေခဲ့သည်ကို ပြသသည်။ ထိုသို့အားဖြင့် သူတို့သည် ဘုရားသခင်နှင့်ဆက်သွယ်၍ အခြားသောသူများအား ထိထိရောက်ရောက်ပြုစုပျိုးထောင်မှုပြုနိုင်ရန် ဖြစ်သည်။

အခန်း– ၁၀

အဆင့် –၃။ အသင်းတော်အတွင်းခေါင်းဆောင်များတိုးတက်ရေး (၁ယော၊ ၂း၁၃–၁၄)

အဆင့် – ၃၊ အသင်းတော်အတွင်းခေါင်းဆောင်များတိုးတက်ရေးက အသင်းတော်၏ လုပ်ငန်းအခြေအနေများ မှန်ကန်စွာ လုပ်ဆောင်နိုင်ရန်နှင့် အလုပ်တွင်ကျယ်စေရန်၊ ယုံကြည်ကိုးစားထိုက်သောခေါင်းဆောင်များကို မည်သို့လေ့ကျင့် မျိုးထောင်ရမည်ကို ပြသသည်။

အခန်း – ၁၁

တပည့်တော်ဖြစ်ခြင်းဆိုင်ရာ စီမံကိန်း (၂ တိမောသေ ၂း၂)

တပည့်တော်ဖြစ်ခြင်းဆိုင်ရာ စီမံကိန်းများသည် ၂ တိမော ၂း၂ ၏ သမ္မာကျမ်းစာ ရှင်းလင်းချက်တစ်ခုဖြစ်သည်။ လက်တွေ့ကျသော ထိုးထွင်းအမြင်ကိုခေါ်သည်။ လူတစ်ဦးကို မည်ကဲ့သို့ တပည့်တော်ဖြစ်စေမည်အကြောင်း အကြံကောင်းပေးသကဲ့သို့ အသင်းတော်ခေါင်းဆောင်များသည် အသင်းတော်အတွင်း၌ တပည့်တော်ဖြစ်သင်တန်းကို မည်သို့အကောင်အထည်ဖော်ဆောင်ရွက်မည်ကိုလည်း လမ်းကြောင်းပေးသည်။

အခန်း –၁၂


သင်တန်းဆိုင်ရာ လက်စွဲစာစောင်

သင်တန်းဆိုင်ရာ လက်စွဲစာစောင်သည် ယုံကြည်သူတိုင်းလူကြီး၊ လူငယ် မိမိ၏ ယုံကြည်ခြင်း အဆင့်အဘယ်မှာ ရှိသည်ကို သိမြင်နိုင်ရန် အကူအညီပေးပြီး၊ မည်သို့ အဆင့်ဆင့်သင်တန်းပေးမည်ကို ပြသသည်။ ထို့အပြင်အသက်တာကြီးထွားတိုးတက်ရန်နှင့် သင်ယူရန် စိတ်အား ထက်သန်စေသည်။ ဤစာစောင်သည် ခရစ်ယာန်များ၏ ဝိညာဉ်ရေးရာအသက်တာ အဆင့်တိုင်းအတွက် တပည့်တော်ဖြစ်သင်တန်း ဆိုင်ရာအကောင်းဆုံးသော လက်စွဲစာအုပ်ဖြစ်သည်။

# ဦးဆောင်မှုအလျဉ်

## ခရစ်ယာန်အသက်တာကြီးထွားမှုဆိုင်ရာသဲလွန်စ

## (၁ ယော ၂း၁၂–၁၄)



## တပည့်တော်ဖြစ်ခြင်း၏ အချက်အချာ(ဟေရှာယ ၅၀:၄)

Rev. Paul J. Bucknell

➢ <u>ယနေ့အတွက် ကျွန်ုပ်တို့ပန်းတိုင်</u>

♠ ယေရှု၏ သစ္စာရှိသောတပည့်တော်တစ်ဦးဖြစ်ရန်

♠ ယေရှုကဲ့သို့ကောင်းသော နောက်လိုက်တပည့်ဖြစ်ရန်

♠ လက်တွေ့အသုံးချသောကိရိယာတန်ဆာပလာများကို သင်ယူရန်။

➢ ဟေရှာယ၏ အစေခံသီချင်းများ

♠ အစေခံသီချင်းတပုဒ်

♠ ခရစ်တော်၏ စံနမူနာကို လေ့လာပါ။

♠ သူသည် ကျွန်ုပ်တို့ကဲ့သို့ အသက်ရှင်ခဲ့သည်။

♠ ကျွန်ုပ်တို့သည် သူကဲ့သို့ အသက်ရှင်ရမည်။

**(က) တပည့်တော်သင်တန်း (ဟေရှာယ ၅၀:၄က)**

တပည့်တော်တစ်ဦးသည် သင်ယူလေ့လာသူဖြစ်သည်။

" သခင်ဘုရားသည် ကျွန်ုပ်အား တပည့်တော်များ၏ ဘာသာစကားကို ပေးသည် "

အဓိပ္ပါယ် ၂မျိုး

၁။ သူသည် တပည့်တော်တဦးကဲ့သို့ သင်ယူနေသည်။

၂။ သူသည် သင်ယူခဲ့သောကြောင့် တပည့်တော်ဖြစ်နိုင်သည်။

➢ သခင်ဘုရား၏ ရှေ့တော်၌ တချိန်လုံးနီးကြားတက်ကြွသော သင်ယူမှုဖြစ်ပါသည်။ တကြိမ်တပည့်တော်တဦး၊ အမြဲတမ်းတပည့်တော်တစ်ဦး၊

× ကောင်းသောသင်တန်းဆရာသည် သင်ယူလေ့လာသည့် စိတ်ထားအမြဲရှိရမည်။

➢ တပည့်တော်ဖြစ်ခြင်းသည် ဘုရားသခင်အား အသိပညာ၏ရှင်သန်သောအရင်းအမြစ်အဖြစ် သိရှိခြင်းအပေါ် အာရုံစိုက်သည်။

× ကောင်းသောသင်တန်းဆရာသည် ဘုရားသခင် (သူ၏ဆရာ)နှင့် ပုံမှန်တွေ့ဆုံရမည်။

➤ တပည့်တော်များသည် ထာဝရဘုရား၏ ကျေးဇူးတော်ကို ထိတွေ့ခံစားကြသည်။ ကျွန်ုပ်တို့သည် သင်ယူခဲ့သောကြောင့် အဘယ်အရာပြောရမည်ကို ကောင်းစွာသိသည်။

× ကျွန်ုပ်တို့သည် တပည့်တော်ဖြစ်သည့်အတိုင်း ဆရာတစ်ဦးကဲ့သို့ ကောင်းနိုင်ပါသည်။

၁။ ကြားနာခြင်း – သင်သည် ကြားနိုင်လောက်သော နီးကပ်မှု၌ ရှိပါသလား။

၂။ နားထောင်ခြင်း – သင်သည် လိုက်နာနိုင်လောက်သော သစ္စာတရားရှိပါသလား။

## ကျွန်ုပ်တို့၏ နှိမ့်ချ၊ နာခံတတ်သောစိတ်သဘောက ကျွန်ုပ်တို့အား နားထောင်စေသည်၊

✘ ဟေရှာယ ၅၀း၄၏ အကျဉ်းချုပ်

အကယ်၍ ကျွန်ုပ်တို့သည် ခရစ်တော်ကဲ့သို့ ဖြစ်လိုလျှင်၊ ဟေရှာယ ၅၀း၄ထဲ၌ ဖေါ်ပြထားသည့် ယေရှုကို အတုခိုးရန်လိုအပ်ပါလိမ့်မည်။

♠ တပည့်တော်တဦးသည် သင်ယူလေ့လာသူဖြစ်သည်။

♠ တပည့်တော်တဦးသည် အခြားသောသူများအား အလုပ်အကျွေးပြုသည်။

♠ တပည့်တော်တဦးသည် နေ့ရက်၏ နံနက်စောစောတွင် ဘုရားသခင်နှင့် ရင်းနှီးကျွမ်းဝင်မှုကိုပြုသည်။

♠ တပည့်တော်တဦးသည် ဘုရားသခင်အား အာရုံစိုက်၍ နားထောင်သည်၊ နာခံသည်။

ကျွန်ုပ်တို့သည် ယေရှုနောက်သို့ လိုက်ရမည်။ ဆိုလိုသည်မှာ– ကျွန်ုပ်တို့သည် ယေရှုပြုသကဲ့သို့ ပြုမူလုပ်ဆောင်ရပါမည်။

## taumif;qkH;aomq&monf taumif;qkH;oif,loljzpfonf/

(ခ) တပည့်တော်၏ ရည်ရွယ်ချက် (ယေရှ ၅၀း၄ခ)

တပည့်တော်တဦးသည် အခြားသောသူများကို အလုပ်အကျွေးပြုသည်။

"ငါသည် ပင်ပန်းသောသူအား မစခြင်းငှါ စကားပြောတတ်မည်အကြောင်း၊ အရှင်ထာဝရဘုရားသည် လူတတ်၏နှုတ်သတ္တိကို ငါ့အားပေးတော်မူပြီ"

➤ ယေရှုခရစ်၏ ဘုရားသခင်နှင့်တွေ့ဆုံရခြင်း ရည်ရွယ်ချက်မှာ ဆင်းရဲသောသူများအား မှန်ကန်သောစကားဖြင့် ကူညီလိုသောကြောင့်ဖြစ်သည်။ ကျွန်ုပ်တို့သင်တန်း၏ အရင်းခံအကြောင်း (စိတ်ပါဝင်စားမှု)မှာ အခြားသောသူတို့အား အလုပ်အကျွေးပြုရန်ဖြစ်သည်။

– ခရစ်တော်သည် သူ၏ နှုတ်ကပတ်တော်ကို ထာဝရဘုရားထံမှ ရရှိသည်။

* ကျွန်ုပ်တို့သည် ထာဝရဘုရားနှင့် ပုံမှန်တွေ့ဆုံရန်လိုအပ်သည်။ သို့မှသာ အခြားသောသူများအား အကောင်းဆုံး အကြံပေးကမ်းညွှန်နိုင်မည်။

– ဘုရားသခင်သည် ပင်ပန်းနွမ်းနယ်သောသူအား တဖြန်တလှည့်မစစ်သည်။

* ကျွန်ုပ်တို့သည် အခြားသောသူများအား အကြံပေးလျှက်ကူညီမစနေချိန်၌ ဘုရားသခင်အားသတိရှိရှိအလုပ်အကျွေး ပြုလျှက်ရှိသည်။

## ကျွန်ုပ်တို့စိတ်ပါလက်ပါ လုပ်ဆောင်ချိန်၌သာလျှင် သင်ယူခြင်းသည် တန်ဖိုးရှိသည်။

### (ဂ) တပည့်တော်၏ စည်းကမ်း (ဟေရှာယ ၅၀း၄.ဂ)

တပည့်တော်တဦးသည် နေ့စဉ်နံနက်စောစောထ၍ ဘုရားသခင်နှင့် ရင်းနှီးကျွမ်းဝင်အောင် မိတ်သဟာယပြုသည်။

"နံနက်အစဉ်တိုင်း ငါ့ကို နှိုးတော်မူ၏"

တပည့်တော်တဦးသည် နေ့စဉ်စောစောထ၍ ဘုရားသခင်နှင့် ရင်းနှီးကျွမ်းဝင်စွာ ဆက်ဆံမှုကို ပြုသည်။

➤ ခမည်းတော်ဘုရားသခင်၏ ရည်ရွယ်ချက်အားဖြင့် လမ်းညွှန်ခြင်းကိုခံရ၏။

* ကျွန်ုပ်သည် ယနေ့အတွက် ဘုရားသခင်၏ အလိုတော်ကို သတိထားဆင်ခြင်သည်။

➤ ခမည်းတော်ဘုရားသခင်၏ နည်းလမ်းကို မျှော်လင့်စောင့်စားသည်။

* ကျွန်ုပ်၏ နေ့ရက်ကာလ အမှုကိစ္စများအတွက် သခင်ဘုရား၏ ကူညီမစခြင်းကို ရယူရန် သူ့ကို အမှီပြုကိုးစားသည်။

➤ ခမည်းတော်ဘုရားသခင်၏ အလိုတော်ကို သိရှိခြင်း၌ တသမတ်တည်းဖြစ်၏။

* နံနက်တိုင်းဘုရားသခင်နှင့် ဆုံတွေ့၏။ ထိုသို့အားဖြင့် သူ၏ အလိုတော်ကို လုပ်ဆောင်နိုင်ရန်ဖြစ်သည်။

## ဘုရားသခင်သည် သူ၏လူများအား နေ့စဉ်နေ့တိုင်းဆုံတွေ့လိုသည်

### (ဃ) တပည့်တော်၏ အာရုံစူးစိုက်မှု (ဟေရှာယ ၅၀း ၄ –ဃ)

တပည့်တော်တဦးသည် ဘုရားသခင်အား အာရုံစူးစိုက်နားထောင်၍ နာခံသည်။

"စာသင်သောသူကဲ့သို့ နားထောင်စေမည်အကြောင်း ငါ့ကို နှိုးဆော်တော်မူ၏"။

– ကြားနာခြင်း – ကြားနာနိုင်စွမ်းသောအကွာအဝေး

– နားထောင်ခြင်း – စိတ်နှလုံးနှင့် နီးနိုင်သော အနေအထား

သူ၏အလိုတော်ကို အခိုင်အမာတုန့်ပြန်နိုင်ရေးအတွက် ခံယူချက်

➤ ဘုရားသခင်၌ သူ၏ လူများအား တစုံတခုပြောရန်အမြဲရှိသည်။

* ကျွန်ုပ်သည် ယနေ့အတွက် ဘုရားသခင် ဘာပြောမည်ကို မျှော်လင့်စောင့်စားသည်။

➤ ကျွန်ုပ်တို့သည် သူ၏တပည့်တော်များဖြစ်ကြသည်။ ကျွန်ုပ်တို့၏ တာဝန်မှာ သူ၏ အလိုတော်ကို သတိပြုရန်နှင့် လုပ်ဆောင်ရန်ဖြစ်သည်။

* သူ၏အလိုတော်ကို ကျွန်ုပ်အားလိုလားတောင့်တလာစေရန် သင်ယူခဲ့သည်။

➤ ထာဝရဘုရားသည် သခင်ဖြစ်တော်မူ၏။ သူသည် မည်သောအခါမျှ အမှားမလုပ်ပါ။

* ကျွန်ုပ်သည် သူ၏ အလိုတော်ကို ယုံကြည်ကိုးစားခြင်းသည် အကောင်းဆုံးဖြစ်ကြောင်းသင်ယူခဲ့သည်။

| | |
|---|---|
| **စီးဆင်းမှုအလျဉ်** | အသင်းတော်အတွင်း ဝိညာဉ်ရေးရာကြီးထွားမှုကို အစပျိုးခြင်း<br>၁ယော၊ ၂း၁၂–၁၄ |

# စီဆင်းမှုအလျဉ်၏ ခြုံငုံသုံးသပ်ချက်

## ခရစ်ယာန်တပည့်တော်ဖြစ် သင်တန်း၏ အနှစ်ချုပ်

### ၁ယော၊ ၂း၁၂–၁၄

Rev. Paul J. Bucknell

<u>မေးခွန်းများ</u>

- ခရစ်ယာန်များ ဝိညာဉ်ရေးရာ၌ မည်သို့ကြီးထွားကြမည်နည်း။
- ခရစ်ယာန်များသည် အဘယ့်ကြောင့် ကောင်းမွန်မှန်ကန်စွာ ကြီးထွားကြသနည်း။
- ကျွန်ုပ်သည် ယုံကြည်သူတဦးအား ဝိညာဉ်ရေးရာကြီးထွားရန် မည်သို့ကူညီနိုင်မည်နည်း။
- ယုံကြည်သူတဦးချင်းစီအတွက် ဝိညာဉ်ရေးရာ ကြီးထွားတိုးတက်ရန် ဘုရားသခင်၌ မည်သည့်နမူနာပုံစံ ရှိသနည်း။

ဝိညာဉ်ရေးရာမြေပုံမရှိ၊ အသက်တာလမ်းညွှန်မရှိ
–ဖြားယောင်းသွေးဆောင်မှုသို့ လွယ်ကူစွာ ကျဆင်းမည်။

၁ယော၊ ၂း၁၂–၁၄ ထဲမှ ရှာဖွေတွေ့ရှိချက်များ


"ချစ်သားတို့၊ သင်တို့သည် ထိုသခင်၏ နာမတော်အားဖြင့် အပြစ်များနှင့် လွတ်သောကြောင့်၊ သင်တို့အား ငါရေး၍ ပေးလိုက်၏။ အဘတို့၊ သင်တို့သည် ရှေ့ဦးစွာကပင် ရှိတော်မူသောသူကို သိသောကြောင့်၊ သင်တို့အား ငါရေး၍ ပေးလိုက်၏။ လူပျိုတို့ သင်တို့သည် မာရ်နတ်ကို အောင်သောကြောင့်၊ သင်တို့အား ငါရေး၍ ပေးလိုက်ပါ၏။ သူငယ်တို့ သင်တို့သည် ခမည်းတော်ကို သိသောကြောင့်၊ သင်တို့အား ငါရေး၍ ပေးလိုက်ပါ၏။ အဘတို့၊ သင်တို့သည် ရှေ့ဦးစွာကပင် ရှိတော်မူသောသူကို သိသောကြောင့်၊ သင်တို့အား ငါရေး၍ ပေးလိုက်ခဲ့ပြီ။ လူပျိုတို့ သင်တို့သည် ခွန်အားနှင့်ပြည့်စုံ၍ ဘုရားသခင်၏ နှုတ်ကပတ်တော်၌ မှီဝဲဆည်းကပ်သဖြင့် မာရ်နတ်ကို အောင်သောကြောင့်၊ သင်တို့အား ငါရေး၍ ပေးလိုက်ခဲ့ပြီ။"

(၁ယော၊ ၂း၁၂–၁၄ –NASB)

(၂ကြိမ်ထပ်ရေးကြောင်း တွေ့ရသည်)

၁

နှိုင်းယှဉ်ဆင်ခြင်ရမည်ကြီးထွားမှု
- ဆက်နွယ်မှုရှိသောတန်ခိုး
- မိသားစုတခုအတွင်း ဝိညာဉ်ရေးရာကြီးထွားမှုနှင့် ကိုယ်ခန္ဓာဖွံ့ဖြိုးမှု တို့၏တူညီမှု
- သိက္ခမ်းမှုသည် ဝိညာဉ်ရေးရာသိက္ခမ်းမှုမရှိသောအရာကို ပြန်လည်ဖေါ်ပြရာ၌ အသုံးပြုသည်။



## တပည့်တော်ဖြစ်ခြင်း၏ ရှုပါရုံအမြင်

" ယေရှုသည် အနီးအပါးသို့ချဉ်းတော်မူပြီးလျှင်၊ ကောင်းကင်ဘုံ၌၎င်း၊ မြေကြီးပေါ်၌၎င်း၊ စီရင်ပိုင်သော အခွင့်တန်ခိုးရှိသမျှတို့ကို ငါခံရပြီ။ သင်တို့သွား၍ လူမျိုးတကာတို့ကို ငါ့တပည့်ဖြစ်စေလျက်၊ ခမည်းတော်၊ သားတော်၊ သန့်ရှင်းသော ဝိညာဉ်တော်၏ နာမ၌ ဗတ္တိဇံကို ပေးကြလော့။ ငါသည် သင်တို့အား ပေးသမျှသော ပညတ်တော်တို့ကို စောင့်ရှောက်စေခြင်းငှါ ဆုံးမသြဝါဒပေးကြလော့။ ငါသည်လည်း ကပ်ကမ္ဘာကုန်သည်တိုင်အောင် သင်တို့နှင့် အတူ အစဉ်မပြတ်ရှိသည်ဟု တပည့်တော်တို့အား မိန့်တော်မူ၏။

## မျိုးစေ့တစေ့၏ အစွမ်းပကား

(၁ပေ၊ ၁း၂၃–၂၅) မပျက်စီး မပျောက်ပျက်နိုင်သော မျိုးစေ့မှ ဆင်းသက်ပေါက်ဖွားလာသည်။

" မဖောက်ပြန်မပျက်စီးတတ်သောမျိုးစေ့တည်းဟူသော အသက်ရှင်၍ အစဉ်အမြဲတည်တော်မူသော ဘုရားသခင်၏ နှုတ်ကပတ်အားဖြင့် ဖြစ်ဘွားသောကြောင့်၊ ညီအစ်ကိုများကို ချစ်ယောင်မဆောင်၊ အမှန်ချစ်ခြင်းအလိုငှါ၊ စိတ်ထဲမှာ သမ္မာတရားကို နားထောင်လျက်၊ ကိုယ်စိတ်နှလုံးကို စင်ကြယ်စေပြီးသည်နှင့် အညီ၊ စင်ကြယ်သောစိတ်နှင့် အချင်းချင်းအားကြီးသော ချစ်ခြင်းမေတ္တာရှိကြလော့။ လူမျိုးရှိသမျှသည် မြက်ပင်ကဲ့သို့ဖြစ်၏။ လူ၏ဘုန်းရှိသမျှသည်လည်း မြက်ပွင့်ကဲ့သို့ဖြစ်၏။ မြက်ပင်သည် ညှိုးနွမ်းသွေ့ခြောက်တတ်၏။ အပွင့်လည်း ကြွေတတ်၏။ ထာဝရဘုရား၏ နှုတ်ကပတ်တရားမူကား၊ ကာလအစဉ်အမြဲ တည်၏။ ထိုနှုတ်ကပတ်သည်၊ သင်တို့အား ဟောပြောသော ဧဝံဂေလိဆရားဖြစ်သတည်း"။

(၁ပေ၊ ၁း၂၁–၂၅)

အသက်ရှင်ခြင်းနှင့် သေခြင်းတို့၏ လက္ခဏာများ

| အသက်ရှင်ခြင်း | သေခြင်း |
|---|---|
| | |
| | |
| | |
| | |
| | |

၉

ဝိညာဉ်အသက်တာအစပြုသည်

သာသနာလုပ်ငန်း၌ ထိရောက်စေရန် ဝိညာဉ်ရေးရာကြီးထွားမှုအကြောင်းသိရှိရန်လိုအပ်သော အဓိကအချက် ၂ ချက်ရှိသည်။

* ယုံကြည်ခြင်းကို ရရှိသည် – ဧဝံဂေလိတရား (ယော ၁း၁၂–၁၃)
* ယုံကြည်ခြင်း၌ကြီးထွားသည်– သန့်ရှင်းစင်ကြယ်ခြင်း (ဖိ၊ ၁း၆)

ဝိညာဉ်ရေးရာအသက်တာ်ကြီးထွားတိုးပွါးခြင်း– ယုံကြည်ခြင်း၏တိုးတက်မှု
ဝိညာဉ်ရေးရာကြီးထွားမှု၏ အကျဉ်းချုပ်


* ကြီးထွားခြင်းသည် သာမန်ဖြစ်၍ ယုံကြည်မျှော်လင့်ထားရသည်။
* ခရစ်ယာန်တဦးစီသည် အသက်တာကြီးထွားရန်မျှော်လင့်သည်။
* အဆင့်တခုစီ၌ ပို၍ကြီးမားသော ကောင်းကြီးမင်္ဂလာရောက်လာသည်။
* ကျွန်ုပ်တို့ဝိညာဉ်ရေးရာကြီးထွားသည့်အတိုင်း ကျွန်ုပ်တို့၏ အမှုတော်ဆောင်ခြင်းသည် တိုးတက်သည်။




ရည်မှန်းချက်တူသည်။သို့သော် အာရုံစိုက်ရာအချက်မတူပေ။

# ဦးဆင်းမှုအလျှဉ်

## ခရစ်ယာန်အသက်တာကြီးထွားမှုဆိုင်ရာသဲလွန်စ
## (၁ ယော ၂း၁၂–၁၄)




## ဝိညာဉ်ရေးရာကြီးထွားမှုသိမြင်ခြင်းအတွက် ပုံစံကားချပ်

* **topfaom toufwm**
    –သင်၌အသက်တာအသစ်ရှိသလား
    – အသက်တာအသစ်အတွက် သင်၌ မည်သည့်လက္ခဏာရှိသနည်း။

* အသစ်သောယုံကြည်သူ
    – သင်၏ကယ်တင်ခြင်းကို သံသယရှိပါသလား၊ အဘယ့်ကြောင့်နည်း။
    – ဘုရားသခင်ခွင့်မလွှတ်နိုင်သောအပြစ်ရှိသည်ဟု ထင်မြင်ပါသလား။ ၎င်းတို့ကား အဘယ်နည်း။
    – ဘုရားသခင်သည် သင်နှင့်ရင်းနှီးကျွမ်းဝင်မှုကို လိုလားပါသည်။

* လူငယ်ယုံကြည်သူ
    – နှုတ်ကပတ်တော်သမ္မာတရားကို စားသုံးရာတွင် ပို၍နက်ရှိုင်းလာစေရန် မည်သည့်ခြေလှမ်းအဆင့်ကို ရယူအသုံးပြုသနည်း။
    – ဆုံးရှုံးမှုကို မည်သို့ ကိုင်တွယ်ဖြေရှင်းသနည်း။

- ဘုရားသခင်၏နှုတ်ကပတ်တော်ထဲ၌ အချိန်မည်မျှရယူအသုံးပြုသနည်း။ ထိုအချိန်၌ သင်ဝမ်းမြောက်ကျေနပ်ပါသလား။

* ရင့်ကျက်သောယုံကြည်သူ

- သင်သည် ယခုအခါ ဆင်းရဲကြပ်တည်းမှုများကို ကြုံတွေ့နေရပါသလား။ သင်၏ယုံကြည်ခြင်းအားကောင်းသလား။ (သို့မဟုတ်) အားနည်းသည် ဟု ခံစားရပါသလား။
- ယခုအခါသင်သည် မည်သူကို အလုပ်အကျွေးပြုနေပါသနည်း။
- အခြားသော သူများအတွက် အထောက်အကူဖြစ်စေရန် သင်၏အသက်တာသင်ခန်းစာဝေငှနိုင်ပါသမည်လား။

* ပန်းတိုင် – ခရစ်တော်၏ရုပ်သွင်ပုံစံ

- ခရစ်တော်၏ရုပ်သွင်ပုံစံ၌ မည်သည့်အတိုင်းအတာပမာဏအထိ သင်ရောက်ရှိလာပြီနည်း။ ရှင်းပြပါ။
- ယခုသင့်အသက်တာကြီးထွားတိုးတက်နေသလား။

မမှန်သော သင်တန်း၏ အကျိုးဆက်များ

- သင်၏ ဝိညာဉ်ရေးရာအသက်တာ၌ မည်သည့်စိတ်ပျက်စရာများနှင့် ရင်ဆိုင်နေရပါသနည်း
- သင်သည် အဘယ့်ကြောင့် ကြီးထွားခြင်းမရှိသနည်း။
- သင်၏ဝိညာဉ်အသက်တာကြီးထွားရန်မည်သို့ ဆက်လုပ်ရမည်ကို သင့်အား အကျွန်ုပ်ပြသပါမည်လား။

မိမိကိုယ်တိုင်ပြန်ပြောင်းဆင်ခြင်သုံးသပ်ချက်

- သင်ကြီးထွားတိုးတက်ပါသလား။ မည်သည့် အဆင့်၌ သင်ရှိနေသနည်း။
- အစစခံသောသူများ၏ အသက်တာတိုးတက်ရန် သင်ကူညီနေပါသလား။
  အခြားသူများအား မည်သို့ ကူညီရမည်ကို သင်သိပါသလား။

**The Flow အပေါ် အကျဉ်းချုပ်ဖော်ပြသော အချပ်ပိုနှင့် လိုရင်းနှီးဒါနီး**



တပည့်တော်ဖြစ်ခြင်းအဆင့် –၁။ ချစ်ခြင်းမေတ္တာကိုရှာဖွေတွေ့ရှိခြင်း

အဓိကအာဘော် – သူ၏ မေတ္တာတော်၌ နိုင်မာသော လုံခြုံမှု

* ကျွန်ုပ်တို့သည် ခရစ်တော်အားဖြင့် ကယ်တင်ခြင်းခံရ၍ ဘုရားသခင်၏မေတ္တာတော်ကို ဆုပ်ကိုင်ထားခြင်းက ပို၍ကောင်းသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်အားယုံကြည်ကိုးစားခြင်း၌ မည်သို့ကြီးထွားမည်ကို ရှာဖွေ၍ ဘုရားသခင်သည် ကျွန်ုပ်တို့အား သူ၏သားသမီးများအဖြစ် မွေးစားသည်။ သူနှင့် တူညီရန် ပြုစုပျိုးထောင်သည်။ သူနှင့် အတူတူလုပ်ငန်း၌ ကျွန်ုပ်တို့အားချိတ်ဆက်ပေးသည်။
* အသက်တာ၌ မည်သည့်အရာကို ရင်ဆိုင်ရပါစေ အရေးမကြီးပါ။ ဘုရားသခင်သည် ကျွန်ုပ်တို့နှင့်အတူရှိသည်။
* အသက်တာ၏ အဓိပ္ပါယ်– ယေရှုခရစ်သည် ကျွန်ုပ်တို့အား ချစ်သည်/ ပိုင်ဆိုင်သည်။
* ကျွန်ုပ်တို့သည် ဆရာဖြစ်သည့်အတိုင်း ယုံကြည်သူများအား ခရစ်တော်၌ထားရှိသော ဘုရားသခင်၏ ချစ်ခြင်းမေတ္တာကို နားလည်စေရန်၊ နိုးကြားတက်ကြွစေရန် လှုံ့ဆော်ပေးမည်။ ကယ်တင်ခြင်းနှင့် ကိရိယာတန်ဆာပလာအဖြစ် တပ်ဆင်ခြင်းနည်းလမ်းများနှင့် ပါတ်သက်၍ သူတို့အား သွန်သင်လမ်းပြသည်။ သူတို့အား ကိုယ်တော်၏စီမံကိန်းလမ်းကြောင်းနှင့် ချိတ်ဆက်ပေးသည်။ သူတို့အသက်တာအတွက် သခင်၏ စီမံကိန်းကို စိတ်အားထက်သန်စွာ ခံယူခြင်းဖြင့် အခြေခံအုတ်မြစ်ကို ကျွန်ုပ်တို့ တည်ဆောက်ခဲ့သည်။

တပည့်တော်ဖြစ်ခြင်းအဆင့် –၂။ မျှော်လင့်ခြင်းကို တည်ဆောက်ခြင်း

အဓိကအာဘော် – သူ၏နှုတ်ကပတ်တော်ထဲ၌ကြီးမားသော စိတ်ချမှု

* ကျွန်ုပ်တို့သည် အသက်တာ၌ သန့်ရှင်းသော ဝိညာဉ်တော်၏ တန်ခိုးကို ပုံမှန်ခံစားရရှိသောသူများ ဖြစ်သည့်အတိုင်း ဘုရားသခင်၏ နှုတ်ကပတ်တော်၌ ပို၍ကြီးမားသော စိတ်ချမှုကို တည်ဆောက်ရပါမည်။ သခင်ဘုရားသည် ကျွန်ုပ်တို့အတွက် ကြံစည်သောလမ်းကြောင်းကို သူ၏နှုတ်ကပတ်တော် သမ္မာတရားအားဖြင့်သာ ဖေါ်ပြသည်။ တချိန်တည်းမှာပင် ကျွန်ုပ်တို့အား စိတ်ရှုပ်စေသော၊ စိတ်သောကရောက်စေသော နတ်ဆိုးများ၏ နည်းလမ်းပိုမို၍ သတိထားမိစေသည်။
* မည်သည့်ပြဿနာပင် ကြုံပါစေအရေးမကြီးပါ။ ဘုရားသခင်၏ နှုတ်ကပတ်တော်သည် ကျွန်ုပ်အား အောင်မြင်ခြင်းကို ဖြစ်စေပါသည်။
* အသက်တာတန်ခိုး:– နှုတ်ကပတ်တော်သမ္မတရား၌ ကျွန်ုပ်တို့၏ စိတ်ချမှုအားဖြင့် အောင်ပွဲကိုရရှိသည်။
* သင်ကြားပေးသောဆရာများဖြစ်သည့်အတိုင်း ကျွန်ုပ်တို့သည် သူတို့ကို အားပေးသည်။ မိမိ၏နောက်ကြောင်းဘဝကို ပြန်ကြည့်၍ ဘုရားသခင်က မည်၍မည်မျှ ကြီးမားစွာ ဝိညာဉ်ရေးရာကြီးထွားစေသည်ကို သိမြင်နိုင်ကြမည် ဖြစ်ကြောင်း၊ ရှေ့လာမည့် စိန်ခေါ်မှုများကိုလည်း သတိပြုမိနိုင်ကြောင်း အားပေးသည်။ သူတို့သည် စိတ်ချမှုများ ကိုရရှိကြပြီး၊ သူတို့အားခွန်အားဖြစ်စေမည့် အောင်မြင်မှုများစွာကိုလည်း ရရှိကြမည်ဖြစ်သည်။ သူတို့၏ နှုတ်ကပတ်တော် သမ္မာတရား၌ စိတ်ချမှု ပို၍ တိုးပွားခြင်းက အခြားသော သူများ၏ အသက်တာ၌ မျှော်လင့်ခြင်းကို နိုးကြားရှင်သန်စေမည်ဖြစ်ကြောင်း ကျွန်ုပ်တို့မျှော်လင့်မိပါသည်။

တပည့်တော်ဖြစ်ခြင်းအဆင့် –၃။ အားဖြည့်ပေးသောယုံကြည်ခြင်း

အဓိကအာဘော်။ ။ ဘုရားသခင်နှင့် နက်ရှိုင်းသောရင်းနှီးမှု

* ကျွန်ုပ်တို့သည် သခင်ဘုရား၏ ကောင်းသော လုပ်ငန်းများ၌ ပို၍ပြည့်စုံသောသူ၊ ကောင်းစွာသိမြင်သောသူဖြစ်သည့် အတိုင်း ဘုရားသခင်နှင့် ရင်းနှီးသိကျွမ်းခြင်းသည် ကောင်းမြတ်သောအကျိုးဆက်များကို မည်သို့ဖြစ်ပွါးစေကြောင်း သင်ယူရပါမည်။
* ကျွန်ုပ်၌ မည်သည့်အခြေအနေပင်တွေ့တွေ့ အရေးမကြီးပါ။ ဘုရားသခင်သည် သူ့အား ချီးမွမ်းထောပနာဖြစ်စေမည့် အသီးအပွင့်များကို သီးပွင့်စေမည်။

* အသက်တာ၏ ရည်ရွယ်ချက်– ဘုရားသခင်၌ ဝမ်းမြောက်၍ သူ၏အလိုတော်ကို ထမ်းရွက်ရမည်။
* သင်ကြားပေးသော ဆရာများဖြစ်သည့်အတိုင်း ဘုရားသခင်၏ အထူးအလိုဆန္ဒကို အလေးထားဖော်ပြသည်။ ဘုရားသခင်၏ ခံ့ညားသော ပုဂ္ဂိုလ်ဖြစ်ခြင်းကို ပြသခြင်းအားဖြင့် ဘုရားသခင်နှင့် ကျွန်ုပ်တို့၏ နက်ရှိုင်းသော ရင်းနှီးမှုကို ဖန်တီးရသည်။ ထိုသို့အားဖြင့် ဘုရားသခင်သည် ကျွန်ုပ်တို့၏နေ့စဉ် အသက်တာအားဖြင့် သူ၏အံ့သြစရာ ဘုန်းတော်နှင့်ကောင်းမြတ်ခြင်းကို ထင်ရှားစေမည်။

| | |
|---|---|
| **စီးဆင်းမှုအလျဉ်** | **အသင်းတော်အတွင်း၌ ဝိညာဉ်ရေးရာကြီးထွား မှုကိုအစပျိုးခြင်း**<br>၁ယောဟ၊ ၂း၁၂–၁၄ |

## အဆင့် –၁ –ကလေးများ

အနှစ်ချုပ်– ချစ်ခြင်းမေတ္တာကို ရှာဖွေတွေ့ရှိခြင်း

မေးခွန်းများ
- ဘုရားသခင်သည် ခရစ်ယာန်အားလုံး ကြီးထွားတိုးတက်ရန် အလိုရှိပါသည်။
- ခရစ်ယာန်အားလုံးသည် အဘယ့်ကြောင့် တူညီစွာမကြီးထွားကြသနည်း။
- ခရစ်ယာန်များစွာတို့သည် အဘယ့်ကြောင့် လျော့ပါးစွန့်ခွါကြသနည်း။
- ကျွန်ုပ်သည် ယုံကြည်သူ လူသစ်အား ကြီးထွားရန်မည်သို့ ကူညီနိုင်မည်နည်း။

ပြန်လည်ဆန်းစစ်ခြင်း
- ၁ ယောဟ၊ ၂း၁၂–၁၄ ထဲမှရှာဖွေတွေ့ရှိခြင်းများ
- တူညီသောကြီးထွားတိုးတက်မှု
- မျိုးစေ့တစေ့၏ ဇွမ်းပကား

အသစ်သောယုံကြည်သူများအတွက် သတင်းစကား

"သူငယ်တို့.................... သင်တို့အားငါရေး၍ပေးလိုက်၏"

ထင်မြင်ချက်–၃–ခု

♠– ၁

♠– ၂

♠– ၃

၁။ သခင်ဘုရား၌ စိတ်ချသော ယုံကြည်ကိုးစားခြင်း– အားပေးတိုက်တွန်းခြင်း

- ✘ အကြောင်းမူကား သင်တို့၏ အပြစ်ဒုစရိုက်များကို ခွင့်လွှတ်ပြီးဖြစ်သည်။
- ✘ ၁ ယော၊ ၁း၅
- ✘ လိုအပ်ချက်။ မတည်ငြိမ်မှုနှင့် သံသယစိတ်များကို ကြီးမားစေသော သင်တို့၏ ကယ်တင်ခြင်းအပေါ် သံသယစိတ်များကို တွန်းလှန်ဖယ်ရှားရန်လိုအပ်သည်။

၂။ သခင်ဘုရား၌ စိတ်ချသောယုံကြည်ကိုးစားမှု – (လက်ခံခြင်း)

- ✘ "သူ၏နာမတော်အားဖြင့်"
- ✘ ၁ ယော၊ ၂း၁–၂
- ✘ လိုအပ်ချက် – စစ်မှန်သောခရစ်ယာန် ယုံကြည်ခြင်း၏ မှားယွင်းသောအယူအဆကို ငြင်းပယ်ရန်။

၃။ သခင်ဘုရား၌ စိတ်ချသောယုံကြည်ကိုးစားမှု– ပိုင်ဆိုင်ခြင်း

- ✘ "သင်တို့၏ ဘုရားသခင်ကိုသိသောကြောင့်"
- ✘ ရောမ ၈း၁၄–၁၆
- ✘ လိုအပ်ချက်– သူတို့သည်ဘုရားသခင်အား သူတို့၏ အဘအဖြစ် မှန်မှန်ကန်ကန်တည်ရှိသည်။

အသစ်သောယုံကြည်သူ၏ ကြီးထွားမှု

- ♠ ဘုရားသခင်၏ ချစ်ခြင်းမေတ္တာမှ စိတ်ချသော ခိုင်မာသော ယုံကြည်ခြင်း၊
- ♠ အားပေးတိုက်တွန်းခြင်း + လက်ခံခြင်း + ပိုင်ဆိုင်ခြင်း
- ♠ အာရုံစူးစိုက်ခြင်း

အသစ်သောယုံကြည်သူအတွက် အခြေခံကျသော ခရစ်ယာန် သွန်သင်ချက်များ၏ ကောင်းသော နားလည်သိရှိခြင်းကို တည်ဆောက်ရမည်။ အသစ်သော ယုံကြည်သူသည် မခိုင်မြဲသေးပေ။ အနီးကပ်ကြီးကြပ်မှု မရှိပါက လဲကျလွယ်သောသူဖြစ်သည်။

မှားယွင်းသော သင်တန်း၏အကျိုးဆက်များ

- ➢ အကယ်၍ ပုံမှန်လေ့ကျင့်ခြင်းနှင့် ပြုစုစောင့်ရှောက်ခြင်းမရှိလျှင်.........
- ➢ မရှင်းမလင်းဖြစ်မည်၊ မသိနားမလည်ဖြစ်မည်၊ သောကရောက်၍ စိတ်ညစ်မည်၊ ကြောက်ရွံ့ထိတ်လန့်မည်။
- ➢ ပြောင်းလဲသည် သို့သော် လွယ်ကူစွာ စွန့်ခွါတတ်သည်။

ယုံကြည်သူအသစ်များအတွက် ဝိညာဉ်ရေးရာကြီးထွားခြင်း၏ လေ့လာတွေ့ရှိချက်များ

- ♥ အသစ်သော အသက်တာ စတင်ခဲ့ပြီးဖြစ်၍ မှန်ကန်စွာ ကာကွယ်ခြင်း၊ အင်အားဖြည့်ခြင်းပြုပါက ဆက်လက်ကြီးထွား တိုးတက်မည်။
- ♥ ယုံကြည်သူအသစ်များအကြား အားနည်းခြင်း အစုအဖွဲ့သည် နတ်ဆိုး၏ တိုက်ခိုက်မှု မဟာဗျူဟာဖြစ်သည်။
- ♥ ကလေးသူငယ်အဆင့်သည် ယာယီခဏတာဖြစ်သည်။ကြာရှည်မဟုတ်ပါ။ ဤအဆင့်၌ အထူးကျွေးမွေး ပြုစုစောင့်ရှောက်ခြင်း လိုအပ်သည်။
- ♥ ဟေဗြဲ ၅း၁၂–၁၃

မိမိကိုယ်တိုင် တုန့်ပြန်ချက်များ

- ♠ ယုံကြည်သူ အသစ်ဖြစ်သည့် အဆင့်၌ သင်မည်သည့်အရာကို ကြုံတွေ့ခဲ့သနည်း။ အထူးစောင့်ရှောက်မှုရှိပါသလား။
- ♠ ဘုရားသခင်ထဲမှာ လုံခြုံမှု၊ အားပေးတိုက်တွန်းမှု၊ ကြိုဆိုလက်ခံခြင်းနှင့် ပိုင်ဆိုင်ခြင်းများ သင်တွေ့ရှိပါသလား။

ထိုအရာကို သင်ရှာဖွေနေဆဲပါ။

♠ အတိမ်းမစောင်း မခံသော ယုံကြည်သူအသစ် အဆင့်၌ ကြီးထွားရင့်ကျက်လာရန် မည်သို့ ကူညီရမည်ကို သင်သိပါသလား။

တပည့်တော်ဖြစ်ခြင်းအဆင့် – ၁၊ ချစ်ခြင်းမေတ္တာရှာဖွေတွေ့ရှိခြင်း

- အဓိကအာဘော် – သူ၏မေတ္တာတော်ထဲ၌ ခိုင်မာသောလုံခြုံမှု
- ခရစ်တော်အားဖြင့် ရရှိသော ကျွန်ုပ်တို့၏ ကယ်တင်ခြင်းအတွက် ဘုရားသခင်၏ချစ်ခြင်းမေတ္တာကို ဆုပ်ကိုင်ထားခြင်းက ပို၍ကောင်းသည့် အလျှောက် ကျွန်ုပ်တို့၏ ယုံကြည်ခြင်း မည်သို့ တိုးပွါးကြီးထွားလာမည်ကို ရှာဖွေတွေ့ရှိရမည်။ ဘုရားသခင်သည် ကျွန်ုပ်တို့အား သူ၏သားသမီးများအဖြစ် မွေးစားသည်။ သူနှင့် တူအောင်လေ့ကျင့်ပေးပြီး ပြုစုပျိုးထောင်ပေးသည်။ သူနှင့် အတူလုပ်ဆောင်ရမည့်သူ၏ လုပ်ငန်းနှင့် ချိတ်ဆက်ပေးသည်။

- အသက်တာ၌ မည်သည့်အရာပင် ရင်ဆိုင်ကြုံတွေ့ရပါစေ၊ အရေးမကြီးပါ။ ဘုရားသခင်သည် ကျွန်ုပ်နှင့်အတူရှိသည်။
- အသက်တာ၏အဓိပ္ပါယ် – ခရစ်တော်သည် ကျွန်ုပ်တို့အား ချစ်ကြောင်း ပိုင်ဆိုင်ကြောင်းသိထားပါ။
- ကျွန်ုပ်တို့သည် သင်ကြားပေးသော ဆရာများဖြစ်သည့်အလျှောက် ဤအဆင့်၌ရှိနေသော ယုံကြည်သူများအား ခရစ်တော်၌ သူတို့အပေါ်ထားရှိသော ဘုရားသခင်၏ ချစ်ခြင်းမေတ္တာကို နားလည်သဘောပေါက်စေရန်။ သွန်သင်ပေးသည်။ နိုးကြားတက်ကြွစေသည်။ သူ၏ ကယ်တင်ခြင်းနှင့် သူ၏စီမံကိန်းထဲ၌ သူတို့အား ချိတ်ဆက်ပေးခြင်း၊ တပ်ဆင်ပေးခြင်းနည်းလမ်းများနှင့် ပါတ်သက်၍ သူတို့ကို သွန်သင်ညွှန်ကြားထားပါသည်။ သူတို့အသက်တာအတွက် ဘုရားသခင်၏ စီမံကိန်းကို စိတ်အားထက်သန်စွာ လက်ခံထားကြသည့်အပြင်၊ ဘုရားသခင်၏ လူများကို သူတို့အပိုင်ကဲ့သို့ သဘောထားလာကြသည်။ ထိုစိတ်သဘော အခြေခံအုတ်မြစ်ကို ကျွန်ုပ်တို့တည်ဆောက်သည်။

# စီးဆင်းမှုအလျဉ်

အသင်းတော်အတွင်း
ဝိညာဉ်ရေးရာကြီးထွား
မှုကိုအစပျိုးခြင်း
၁ယော၊ ၂း၁၂-၁၄

## အသစ်သော ယုံကြည်သူများအား တပည့်တော်ဖြစ်စေခြင်း

အနှစ်ချုပ်– အဆင့် –၁၊ အသစ်သော ယုံကြည်သူများ

အဆင့်– ၁၊မှ သင်ခန်းစာ ၃ ခုကို ပြန်လည်ဆန်းစစ်ခြင်း

♦ – ၁

♦ – ၂

♦ – ၃

ယုံကြည်သူအသစ်များအား တပည့်တော်ဖြစ်စေခြင်းအတွက်ပန်းတိုင်

ခရစ်တော်၌ အသစ်သောယုံကြည်သူများအားလုံး ၃ လအတွင်းသခင်ဘုရားအား ပို၍ သိကျွမ်းလာရန် ယုံကြည်ခြင်းကို ဆောက်တည်ပါ။ သူတို့၏ ယုံကြည်ခြင်း လွယ်ကူစွာကြီးထွားတိုးတက်လာနိုင်ရန် သူတို့အတွက အထောက်အကူ ပြုနိုင်သောအရာများဖြင့် ကောင်းသောစတင်ခြင်းကို သူတို့အားပေးပါ။

အသစ်သောယုံကြည်သူများအား တပည့်တော်ဖြစ်စေရန် မဟာဗျူဟာတခုတည်ဆောက်ခြင်း

♦ မဟာဗျူဟာသည် ပန်းတိုင်ရောက်ရန် ခြေလှမ်းဖြစ်သည်။

♦ သင်၏ပန်းတိုင်ကိုရေးပါ။

♦ ထိုပန်းတိုင်များသို့ ရောက်ရှိရန် လက်ရှိမဟာဗျူဟာများကိုရေးပါ။

♠

♠

♠

သင်တန်း၏ရည်မှန်းချက်များကို ထိုးထွင်းသိမြင်ခြင်း

အကယ်၍ ကျွန်ုပ်သည် အသစ်သောယုံကြည်သူတဦးနှင့် ၅ ကြိမ်တွေ့ဆုံရန်ရှိပါက၊ ကျွန်ုပ်အနေဖြင့် မည်သည့် အရာကို ဖြစ်စေလိုမည်နည်း။

သင်လုပ်လိုသောအရာ(ရည်မှန်းချက်များ) ကို စဉ်းစားတွေးတောခြင်းအားဖြင့် ပေါ်လာမည်။)

♠

♠

♠

♠

၁၇

ထိရောက်သောသင်တန်းအခန်းကဏ္ဍကို တည်ဆောင်ခြင်း

တပည့်တော်ဖြစ်စေခြင်းကာလ၌ မည်သည့်အရာများကို ကျွန်ုပ်ဖြစ်စေလိုသနည်း။ ထိုအရာသည် ဆုတောင်းခြင်း၏ ပန်းတိုင်ဖြစ်လာပြီး၊ အာရုံစူးစိုက်ခြင်းကို အထောက်အကူပြုမည်။ သင်တန်း အကြိမ်ကြိမ်ပြုလုပ်ပြီးနောက် ထိုလုပ်ငန်းစဉ်သည် ခံ့ညားသန့်စင်လာမည်။

**3_E** တပည့်တော်ဖြစ်သင်တန်း အထောက်အကူပြု ပစ္စည်းနှင့်မိတ်ဆက်ပေးခြင်း

♠ ဤအထောက်အကူပြုပစ္စည်းသည် ကျွန်ုပ်၏ ပန်းတိုင်ကို မည်သို့ပြီးမြောက်စေမည်အကြောင်း မိတ်ဆက်ပေးပါ။

♠ 3_E တပည့်တော်ဖြစ်သင်တန်းသင်ခန်းစာသည် အသစ်သောယုံကြည်သူများအား အသင်းတော်၌ ပူးပေါင်းပါဝင်စေရန် ရည်ရွယ်ချက်နှင့်အတူ ပုံစံထုတ်ခြင်းဖြစ်သည်။ သူတို့၏ အသစ်သောယုံကြည်ခြင်းကို အရှိန်မြှင့်တင်ပေးမည်။ အခြားသောသူများအား ကြည့်ရှုစောင့်ရှောက်ခြင်း၌ အာရုံစူးစိုက်လာစေရန် သွတ်သွင်းပေးမည်။

| 3_E | Exaltation | Edification | Evangelism |
| --- | --- | --- | --- |
| | မြှင့်တင်ခြင်း | စိတ်ဓါတ်မြှင့်တင်ခြင်း | ဧဝံဂေလိဝေငှခြင်း |

သင်ခန်းစာ ၂-၃မှ သင်ခန်းစာကို ပြန်လည်ဆန်းစစ်ခြင်း – ဝတ်ပြုကိုးကွယ်ခြင်း

– ကျွန်ုပ်သည် အခြားသောသူများအား လေ့ကျင့်ပေးရန်နှင့် ကျွန်ုပ်၏ပန်းတိုင်ကို ပြီးမြောက်စေရန် ဤအထောက်အကူပြုပစ္စည်းများကို မည်သို့အသုံးပြုကြောင်း မိတ်ဆက်ပေးရန်။

– အခြားသောအကြံညဏ်များ

- ♠ စိတ်ပိုင်းဆိုင်ရာရိုးသားပါ။ (ဥပမာ– ဝန်ချခြင်း)
- ♠ စစ်မှန်သောဝတ်ပြုကိုးကွယ်ခြင်းကို သင်ပေးပါ။ (အပြင်သဏ္ဍာန်အားဖြင့်မဟုတ်၊ စိတ်နှလုံးဖြင့် ကြည်ညိုလေးစားခြင်း)
- ♠ ပြဿနာများကို မျှော်လင့်စောင့်စားပါ။ (သွေးဆောင်ဖြားယောင်းခြင်း/စုံစမ်းနှောက်ယှက်ခြင်း)
- ♠ မည်သို့ဆုတောင်းရမည်ကို သူတို့အားပြသပါ။
- ♠ မည်သည့်အရာများလိုအပ်ကြောင်းရှင်းပြပါ။
- ♠ ဆာလံ ၁၃၉း ၁–၅– ဂုဏ်တော်ချီးမွမ်းခြင်းကို သင်ယူရန် နမူနာနေရာသင်ကြားပေးခြင်းအပေါ်တုန့်ပြန်မှုများ

သင်ကြားပေးခြင်း အပေါ်တုန့်ပြန်မှုများ

- ➢ ကိုယ်တိုင်တပည့်ဖြစ်ခြင်း၏အရေးကြီးပုံ (အထူးသဖြင့်– ကလေးသူငယ်အဆင့်)
- ➢ နည်းပညာ– သူတို့အားလေ့ကျင့်ပေးရန် ခြေလှမ်းများ (ရှာဖွေတွေ့ရှိခြင်း၊ မှတ်မိခြင်း စသည်)
- ➢ သင်တန်းနယ်ပယ်များ (ဥပမာ– စိတ်သဘောထား၊ ဘုရားသခင်၏ နှုတ်ကပတ်တော်)

တပည့်တော်ဖြစ်စေသူများအတွက် အကြံပြုချက်များ

- ➢ ကျမ်းပိုဒ်များအပေါ် အဓိကအချက်များကို ချပေးခြင်း
- ➢ စာရွက်ပေါ်ရေးသားခြင်း
- ➢ သင်ခန်းစာ၏ အဓိကအချက်များ
- ➢ ရည်ရွယ်ချက်အပေါ်အာရုံစိုက်ခြင်း
- ➢ အကဲဖြတ်ခြင်းနှင့် မွမ်းမံခြင်း
- ➢ အထူးပြဿနာများအပေါ်အာရုံစိုက်ခြင်း (ထာဝရလုံခြုံမှု) နမူနာ – ၁ယော၊ ၂း၁၉

"ထိုသူတို့သည် ငါတို့ထံမှ ထွက်ကြ၏။ သို့သော်လည်းအထက်ကငါတို့နှင့်မစပ်ဆိုင်ကြ။ ငါတို့နှင့် စပ်ဆိုင်လျှင် ငါတို့နှင့် အတူနေကြလိမ့်မည်။ ထိုသူအပေါင်းတို့သည် ငါတို့နှင့် မစပ်ဆိုင်ကြောင်းကို ထင်ရှားစေခြင်းငှါ၊ ငါတို့ထံမှ ထွက်သွားကြ၏" (၁ယော၊ ၂း၁၉)

တပည့်တော်ဖြစ်ခြင်းကာလ၏ ကောင်းသောအဆုံးနိဂုံး

- အဓိကအချက်များကို အတိုချုပ်ပါ။ (သူတို့အသက်တာအတွက် အဓိကကျသော သင်ခန်းစာများကို သတိပေးပါ)
- အလုပ်တာဝန်ပေးခြင်းကို ပြန်လည်သုံးသပ်ပါ။
- ဆုတောင်းပဌနာပြုခြင်း၊ ရုန်းကန်လှုပ်ရှားခြင်းနှင့် အောင်မြင်ခြင်းများကို ဝေငှပါ။
- အချင်းချင်း အပြန်အလှန်ဆုတောင်းပေးခြင်းဖြင့် အဆုံးသတ်ပါ။

ဟေရှာယ ၅၀း၄ ကို ပြန်လည်ဆန်းစစ်ခြင်း (ပထမ ၄ ချက်)

* ကျွန်ုပ်တို့သည် ယေရှုကဲ့သို့ အသက်ရှင်နေထိုင်သည့်အချိန်၌ ယေရှုကဲ့သို့ အမှုတော်ဆောင်နိုင်မည်ဖြစ်သည်။ ကျွန်ုပ်တို့အနေဖြင့် သူ့ကို အတုယူရပါသည်။ သို့သော် ကိုယ်တော်သည် မည်သို့လုပ်ဆောင်ခဲ့သည်ဟူသော အချက်များကို ရှုဖန်ရှုခါအသေးစိတ်အာရုံစူးစိုက်ရမည်။

(က) တပည့်တော်ဖြစ်သင်တန်း (ယေရှာယ ၅၀း၄-က)

တပည့်တဦးသည် သင်ယူလေ့လာသူဖြစ်သည်။
အကောင်းဆုံးသောဆရာသည် အကောင်းဆုံးသင်ယူသူဖြစ်သည်။

(ခ) တပည့်တော်ဖြစ်ခြင်း၏ရည်ရွယ်ချက် (ဟေရှာယ ၅၀း၄–ခ)

တပည့်တဦးသည် အခြားသောသူတို့အား အလုပ်အကျွေး ပြုစုသူဖြစ်၏။
အမှုတော်ဆောင်လိုစိတ် ထက်သန်ချိန်၌သာ သင်ယူလေ့လာခြင်း တန်ဖိုးရှိသည်

(ဂ) တပည့်တဦး၏ စည်းကမ်း (ဟေရှာယ ၅၀း၄–ဂ)

တပည့်တဦးသည် နေ့စဉ်နံနက်စောစော ဘုရားသခင်နှင့် ရင်းနှီးစွာ မိတ်သဟာယပြုသည်။
ဘုရားသခင်သည် သူ၏လူနာအား နေ့စဉ်နေ့တိုင်း ထိတွေ့ဆက်ဆံလိုသည်။

(ဃ) တပည့်ဖြစ်သူ၏ အာရုံစူးစိုက်မှု( ဟေရှာယ ၅၀း၄ –ဃ)

တပည့်တဦးသည် ဘုရားသခင်အား အာရုံစိုက်နားထောင်၍ နာခံသည်။
ကျွန်ုပ်တို့၏ နှိမ့်ချခြင်းနှင့် ကျိုးနွံနာခံသော စိတ်သဘောက ကျွန်ုပ်တို့အား နားထောင်မှုကို ပြုစေနိုင်သည်။

ကျွန်ုပ်တို့သည် ကျန်ရှိနေသေးသော ဟေရှာယ ၅၀း၅–၉ အခေစ်၏ သီချင်းထဲမှ တပည့်တော်၏ စိတ်ပိုင်းဖြတ်ချက်အပေါ် ဆက်လက်လေ့လာပါမည်။

**(င) တပည့်တော်ဖြစ်သူ၏စိတ်ပိုင်းဖြတ်ခြင်း (ဟေရှာယ ၅၀း၅–၉)**

–တပည့်တော်ဖြစ်သူတဦးသည်သူ၏ သခင်ကို ကျေနပ်စေရန် အခက်အခဲများကို ကြံ့ကြံ့ခံနိုင်သည်။

အရှင်ထာဝရားဘုရားသည် ငါ့နားကို ဖွင့်တော်မူ၍၊ ငါလည်းမငြင်းမဆန်၊ နောက်သို့ မဆုတ်၊(၅)

ရိုက်သောသူတို့အား ငါ့ကျောကိုငင်း၊ နားပန်းဆံကိုနှုတ်သောသူတို့အား ၊ ငါ့ပါးကိုငင်း ငါအပ်၏။
အရှက်ခွဲခြင်းနှင့်တံထွေးထွေးခြင်းမှ ငါသည် ကိုယ်မျက်နှာကိုမလွှဲ။ (၆)

အရှင်ထာဝရဘုရားသည် ငါ့ကိုစောင့်မတော်မူလိမ့်မည်။ ထိုကြောင့်၊ ငါမရှုံးရသည်ဖြစ်၍၊
ကိုယ်မျက်နှာကိုမီးကျောက်ကဲ့သို့ ထားလျက်၊ ရှက်ကြောက်ခြင်းသို့မရောက်ရဟု ငါသိ၏။(၇)

ငါ့ကို အပြစ်လွှတ်သောသူသည် အနီးမှာရှိ၏။ အဘယ်သူသည် ငါနှင့်တရားတွေ့မည်နည်း။ ပြိုင်၍နေကြကုန်အံ့။
အဘယ်သူသည် ငါနှင့် ရန်ဘက်ပြုမည်နည်း။ ထိုသူသည် ချဉ်းကပ်စေ။ (၈)

ကြည့်ရှုလော့။ အရှင်ထာဝရာဘုရားသည် ငါ့ကိုစောင်မတော်မူမည်။ အဘယ်သူသည် ငါ့ကိုတရားရှုံးစေမည်နည်း။
ထိုသို့သောအပေါင်းတို့သည် အဝတ်ကဲ့သို့ ဟောင်းနွမ်းခြင်းသို့ ရောက်ကြလိမ့်။
ပိုးကိုက်စားခြင်းကိုလည်းခံရကြလိမ့်မည်။ (၉)
(ဟေရှာယ ၅၀း၅–၉)

–ခက်ခဲသောဆင်းရဲဒုက္ခများကို ခံနိုင်ရန်သင်ယူခြင်း

➤ ကျွန်ုပ်တို့၏ စိတ်နှလုံးဖြင့် ကတိပေးချက် (ဟေရှာယ ၅၀း၅)

အရှင်ထာဝရားဘုရားသည် ငါ့နားကို ဖွင့်တော်မူ၍၊ ငါလည်းမငြင်းမဆန်၊ နောက်သို့ မဆုတ်၊
(ဟေရှာယ ၅၀း၅)

* ကျွန်ုပ်တို့၏ စိတ်နှလုံးပြောင်းလဲရန်လိုသည်။
* **Yaweh** ဘုရားသခင်သည် ခုခံမှု၏ တံခါးကို ရိုက်ချိုးသည်။
* တသမတ်တည်း ဖြစ်ရန်လိုအပ်သည်။

➢ အမှုတော်ထမ်းရန် ကျွန်ုပ်တို့၏ ရွေးချယ်မှု (၅၀း၆)

"ရိုက်သောသူတို့အား ငါ့ကျောကို၎င်း၊ နားပန်းဆံကို နှုတ်သောသူတို့အား၊ ငါ့ပါးကို၎င်း၊ ငါအပ်၏။
အရှက်ခွဲခြင်းနှင့်တံတွေးထွေးခြင်းမှ ငါသည် ကိုယ်တော်မျက်နှာမလွှဲ"

* ကျွန်ုပ်တို့၏ ရွေးချယ်မှုသည် ကျွန်ုပ်တို့၏ ရန်သူမဟုတ်
* ဘုရားသခင် စီမံကွက်ကဲသည်။ (သူ့လက်ထဲ၌ ရှိသည်)
* ဘုရားသခင်၏ တောင်းဆိုမှု၊ အရှက်ရစရာမဟုတ်။

➢ ကျွန်ုပ်တို့၏ ယုံကြည်ကိုးစားခြင်းသည် ဘုရားသခင်၌ ရှိ၏ (၅၀း၇)

"အရှင်ထာဝရဘုရားသည် ငါ့ကို စောင့်မတော်မူလိမ့်မည်။ ထို့ကြောင့် ငါမရှုံးရသည်ဖြစ်၍၊ ကိုယ်မျက်နှာကို
မီးကျောက်ကဲ့သို့ထားလျက်၊ ရှက်ကြောက်ခြင်းသို့မရောက်ရဟု ငါသိ၏။"

* နာကျင်မှုကို မငြင်းပယ်။
* သခင်ဘုရားသည် ကျွန်ုပ်အားကူညီမစ၏။ ဘုရားသခင်၏ ကျေးဇူးတော်သည် ကျွန်ုပ်အတွက် လုံလောက်၏။
* ကျွန်ုပ်တို့၏ အားနည်းခြင်း၊ နာကြင်ခြင်းနှင့် ဆင်းရဲဒုက္ခများကို လက်ခံသည်။

"ငါ့ကျေးဇူးသည် သင့်အဘို့လောက်ပေ၏။ ငါ့တန်ခိုးသည် အားနည်းခြင်းအဖြစ်၌ စုံလင်တတ်သည်ဟု မိန့်တော်မူ၏။ ထို့ကြောင့် ခရစ်တော်၏တန်ခိုးသည် ငါ့အပေါ်၌ ကျိန်းဝပ်မည်အကြောင်း ငါ့ကိုယ်၌ အားနည်းခြင်းအဖြစ်ကို ဝမ်းမြောက်သောစိတ်နှင့် ဝါကြွားခြင်းငှါသာ၌ ငါအလိုရှိ၏။ (၂ကော ၁၂း၉)

၄။ ခါးသီးမှုများအပေါ် ကျွန်ုပ်တို့၏ အောင်မြင်ခြင်း (၅၀း၈-၉)

ငါ့ကို အပြစ်လွှတ်သောသူသည် အနီးမှာရှိ၏။ အဘယ်သူသည် ငါနှင့်တရားတွေ့မည်နည်း။ ပြိုင်၍နေကြကုန်အံ့။
အဘယ်သူသည် ငါနှင့် ရန်ဘက်ပြုမည်နည်း။ ထိုသူသည် ချဉ်းကပ်စေ။

ကြည့်ရှုလော့။ အရှင်ထာဝရဘုရားသည် ငါ့ကိုစောင်မတော်မူမည်။ အဘယ်သူသည် ငါ့ကိုတရားရှုံးစေမည်နည်း။
ထိုသို့သောအပေါင်းတို့သည် အဝတ်ကဲ့သို့ ဟောင်းနွမ်းခြင်းသို့ ရောက်ကြလိမ့်။
ပိုးကိုက်စားခြင်းကိုလည်းခံရကြလိမ့်မည်။
(ဟေရှာယ ၅၀း၈-၉)

* နတ်ဆိုးသည် နတ်ဆိုးသာဖြစ်ကြောင်း မငြင်းပါနှင့်၊ အမြစ်ဒဏ်စီရင်ရန် လိုအပ်ပါသည်။
* ဘုရားသခင်သည် အမှန်ပင် စီရင်လိမ့်မည်။ ကျွန်ုပ်တို့အနေဖြင့် ထိုကိစ္စကို ဂရုစိုက်စရာမလိုပါ။
* ညှင်းပန်းနှိပ်စက်မှုသည် ကျွန်ုပ်တို့ ထိုက်တန်သော ပြစ်ဒဏ်စီရင်ချက်ဖြစ်သည် မဆိုလိုပါ။
* ဘုရားသခင်၏ပြစ်ဒဏ်စီရင်ခြင်းသည် မကြာမီလာလိမ့်မည်။ ကောက်ကျစ်စဉ်းလဲသောသူတို့သည် မကြာမီ ပျက်စီးခြင်းသို့ရောက်လိမ့်မည်။

**ကျွန်ုပ်တို့၏ အသက်တာ ဆက်ကပ်မှုမှာ ဘုရားသခင်၏ အလိုကို အစဉ်အမြဲ လုပ်ဆောင်ရန်ဖြစ်သည်။**

* ယေရှာယ ၅၀း၄–၉၏ အကျဉ်းချုပ်

ကျွန်ုပ်တို့ အသက်တာ၌ ယေရှုခရစ်နှင့် တူညီရန်ထက်ပို၍ ကြီးမားသော ပန်းတိုင်မရှိပါ။ ကျွန်ုပ်တို့အနေဖြင့် ကိုယ်တော်၏ အဘခမည်းတော်နှင့် ကျွမ်းဝင်မှု၊ အခြားသောသူများအတွက် ဂရုစိုက်စောင့်ရှောက်တတ်မှု၊ ပညာအမြော်အမြင်ရှိခြင်း၊ လုံ့လဝီရိယရှိခြင်းနှင့် သူလုပ်ဆောင်ရန် လိုအပ်သော အရာများအပေါ် ဂရုဏာမေတ္တာထားရှိခြင်းများကို အတုခိုးရန်လိုအပ်ပါသည်။

| | |
|---|---|
| **စီးဆင်းမှုအလျဉ်** | အသင်းတော်အတွင်း<br>ဝိညာဉ်ရေးရာကြီးထွား<br>ခြင်းကိုအစပျိုးခြင်း<br>၁ယော၊ ၂း၁၂–၁၄ |

## အဆင့် / / ၂ လူပျိုများ


**မျှော်လင့်ချက်ကို တည်ဆောက်ခြင်း**

ဝိညာဉ်ရေးရာကြီးထွားမှုမေးခွန်းများ

- ♠ အဘယ်ကြောင့်တချို့သောခရစ်ယာန်များ၏ အသက်တာကြီးထွားမှု ရပ်တန့်နေသနည်း။ ဘုရားသခင်သည် ထိုသူတို့အား ကြီးထွားရန် မလိုချင်ဘူးလား။
- ♠ ခရစ်ယာန်များ အနေဖြင့် စုံစမ်းနှောက်ယှက်ခြင်းအားလုံးကို အောင်နိုင်ရမည်ဆိုသည်မှာ ဖြစ်နိုင်ပါသလား။
- ♠ ခရစ်ယာန်များစွာသည် အဘယ့်ကြောင့် အပြည့်အဝဆုံးသို့ မကြီးထွားကြသနည်း။
- ♠ ခရစ်ယာန်အားလုံးကြီးထွားနေရန် ကျွန်ုပ်တို့သည် မည်သို့ ကူညီရမည်နည်း။

ပြန်လည်ဆန်းစစ်ခြင်း

- ♠ အဆင့်// ၁၊ ဘုရားသခင်၏ ချစ်ခြင်းမေတ္တာမှ အာမခံချက်ရှိသော (လုံခြုံစိတ်ချရသော) ယုံကြည်ခြင်း
- ♠ ယုံကြည်ခြင်းတိုးပွါးလာသည်နှင့် အမျှ ဝိညာဉ်ရေးရာကြီးထွားသည်။
- ♠ ဝိညာဉ်ရေးရာတိုးတက်ကြီးထွားခြင်းသည် ယုံကြည်ခြင်းအတွက် စစ်ပွဲဖြစ်သည်။




**အဆင့်// ၂။ ၁ ယော၊ ၂း၁၂–၁၄ ထဲမှရှာဖွေတွေ့ရှိချက်များ**

**]]vlysKdwkdU? oifwkdUkd igaS;i ay;vkduf\}}**

စဉ်းစားတွေးတောချက် ၃ ခု

* // ၁
* // ၂
* // ၃

// ၁။ စိန်ခေါ်မှုများအတွက် အားဖြည့်ပေးခြင်း – အောင်မြင်ခြင်း

* "သင်တို့သည် မာရ်နတ်ကို အောင်နိုင်ကြ၏။
* ၁ ယော၊ ၅–၄
* လိုအပ်ချက်။ ကျွန်ုပ်တို့သည် ခရစ်တော်၌ အောင်မြင်သောသူများဖြစ်ကြောင်း သဘောပေါက်ရန်၊ ကျွန်ုပ်တို့အောင်မြင်ကြပြီး

// ၂။ ရေရှည်တည်တံ့သောစိန်ခေါ်မှုများအတွက် အားဖြည့်ပေးခြင်း – အင်အား

* "သင်တို့သည် ခွန်အားနှင့် ပြည့်စုံ၏"
* ၁ ကော ၁၀း၁၃
* လိုအပ်ချက်။ ခံစားမှုများကို နိုင်နင်းနိုင်စွာ ကိုင်တွယ်ဖြေရှင်းနိုင်ရေး သင်ယူရန်။

// ၃။ ရှေ့မှာ စိန်ခေါ်မှုများအတွက် အားဖြည့်ခြင်း–"နှုတ်ကပတ်တော်ကို ဆင်ခြင်နှလုံးသွင်းခြင်း"

* "ဘုရားသခင်၏နှုတ်ကပတ်တော်၌ မှီဝဲဆည်းကပ်သဖြင့်"
* ယောရှု ၁း၈
* လိုအပ်ချက်။ အောင်မြင်ခြင်းသည် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ကျွန်ုပ်တို့၏ စိတ်နှလုံးထဲသို့ စီးဝင်ခွင့်ပေးခြင်း အားဖြင့်လာသည်။

လူပျိုယုံကြည်သူများ၏ ကြီးထွားမှု

➢ ဘုရားသခင်၏နှုတ်ကပတ်တော်အားဖြင့် ခွန်အားပြည့်ဝစွာ ကြီးထွားရမည်။
➢ အတွေ့အကြုံမရှိခြင်း <> အနိုင်ရခြင်း
➢ တည်ငြိမ်မှုမရှိခြင်း <> သာမန်၍ခွန်အားရှိခြင်း
